**ကြော်ငြာကပ်ရန်**

၁။တံတားဦးခရိုင်တရားရုံးကြော်ငြာသင်ပုန်း
၂။ငါန်းဇွန်မြို့နယ်တရားရုံးကြော်ငြာသင်ပုန်း
၃။မြို့သာကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံးကြော်ငြာသင်ပုန်း
၄။အချင်းဖြစ်ပစ္စည်းတည်ရှိရာ
၅။ အမှုတွဲလက်ခံ

**ရောင်းချရန်ကြော်ငြာစာ**

( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၆၆ )

**တံတားဦးခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၂**

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက်(၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ-ဦးဝင်းကို တံတားဦးမြို့ဘဏ်ခွဲ) | နှင့် | ၁။ဦးစိုးနိုင်ဝင်း<br>၂။ဒေါ်အေးအေးမိုး |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

**တံတားဦးခရိုင်တရားရုံးတော်**၊ တရားမဇာရီမှုအမှတ်- **၁၂/၂၀၂၂** အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၂၂ ရက်၊** နံနက်(၁၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

**မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာအရှေ့ရပ်၊ မြို့သာကျေးရွာ အုပ်စုအတွင်းရှိ အကွက်အမှတ်(၁၁၃၀/မြို့သာမြောက်)ဦးပိုင်အမှတ်-၁၂၇/၂ (F-၆၇၇/၉၀၆)(၆၇၆)၊ ဧရိယာ (၀.၄၂) ဧကရှိ(၁၀)နှစ်ဂရန်မြေ နှင့် ယင်းမြေပေါ်ရှိအဆောက်အဦးများအားလုံး။**

**လေလံကြမ်းခင်းဈေး - ကျပ်သိန်း ( ၂၇၅၀ )(ကျပ်သိန်းနှစ်ထောင်ခုနှစ်ရာငါးဆယ်)**

**အရောင်းကြော်ငြာပြန်သွင်းရန်ရက် - (၁၉.၁၂.၂၀၂၃)**

## လေလံတင်ရောင်းချမည့် စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာရောင်းချလိမ့်မည် အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အားအထူးသတိပြုရန် နှိုးဆော်လိုက် သည်။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကိုရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်၊ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင်လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီးမရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက်လေလံဆွဲဝယ်သူကငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ် ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည်ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီ ပေးဆောင်ရမည်၊ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင် ရောင်းချ လိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ်၊ **ဒီဇင်ဘာ** လ **၆** ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

တံဆိပ်